

# ဗီဇာ ပယ်ဖျက်ခြင်းဆိုသည်မှာ ဘာလဲ။

တစ်စုံတစ်ယောက်၏ဗီဇာ ပယ်ဖျက်ခံရသည့်အခါ ထိုသူသည် ယင်းပယ်ဖျက်ခံရသည့် ဗီဇာကို ကိုင်ဆောင်ထားခြင်း မရှိတော့ဘဲ ယင်းဗီဇာနှင့် ဩစတြေးလျားမှာ ဆက်လက်နေထိုင်ခွင့် သို့မဟုတ် ဩစတြေးလျားကို လာရောက်ခွင့် မရှိတော့ခြင်းကို ဆိုလိုပါသည်။ ဗီဇာ ပယ်ဖျက်မှုကို လိုလျှင် လိုသလို လုပ်ရမည့်ကိစ္စ ၊ မဖြစ်မနေ လုပ်ရမည့်ကိစ္စ သို့မဟုတ် ဥပဒေအရ အရေးယူဆောင်ရွက်ရမည့် ကိစ္စများ ဖြစ်နိုင်ပါသည်။ ဗီဇာ ပယ်ဖျက်ခံရခြင်းကြောင့် ဩစတြေးလျားတွင် တရားမဝင်နေထိုင်သူတစ်ဦး **ဖြစ်ကောင်း ဖြစ်လာနိုင်**သလို၊ အနာဂတ်တွင်လည်း ဗီဇာလျှောက်လွှာများအပေါ် ထိခိုက်စေနိုင်ပြီး၊ ပုဂ္ဂိုလ်တစ်ဦးအား အချို့သောဗီဇာများကို မထုတ်ပေးဘဲ ငြင်းပယ်နိုင်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှ စာပေးစာယူများ သို့မဟုတ် စာများကို လက်လွတ်မခံရစေရန်အတွက် သင်သည် သင့်ဆက်သွယ်မှုဆိုင်ရာ အချက်အလက်များကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် အချိန်နှင့် တစ်ပြေးညီ အမြဲတမ်း လုပ်ထားဖို့ အရေးကြီးပါသည်။

## ပယ်ဖျက်မည့် ရည်ရွယ်ချက်ဆိုင်ရာ အကြောင်းကြားစာ

ပြည်ထဲရေးဝန်ကြီးဌာနက သင့်ဗီဇာကို ပယ်ဖျက်ရန် စဉ်းစားနေပါက သင်သည် ၎င်းတို့ထံမှ ပယ်ဖျက်မည့် ရည်ရွယ်ချက်ဆိုင်ရာ အကြောင်းကြားစာကို ရရှိနိုင်ပါသည်။ ယာယီဗီဇာနှင့် အမြဲတမ်းဗီဇာ နှစ်မျိုးလုံးကို ပယ်ဖျက်နိုင်ပါသည်။ ဤအကြောင်းကြားစာကို တုံ့ပြန်ရန် သတ်မှတ်ထား အချိန်ကာလမှာ တင်းကျပ်ပြီး လုပ်ငန်းရက် ၅ ရက် ကြာအထိ တိုတောင်းနိုင်ပါသည်။ မည်သည့်တုံ့ပြန်မှုမျှ မလုပ်ပါက ပြည်ထဲရေးဝန်ကြီးဌာနက ဗီဇာကို ပယ်ဖျက်ရန် ဆုံးဖြတ်နိုင်ပါသည်။ သင့်တုံ့ပြန်မှုအတွက် လိုအပ်သော တိကျသည့် သတ်မှတ်ထား အချိန်ကာလကို စစ်ဆေးသိရှိရန်အတွက် အကြောင်းကြားစာကို ဖတ်ရှုရန် အရေးကြီးပါသည်။

အကြောင်းကြားစာကို သင့်အား လူကိုယ်တိုင် ပေးခံရပါက သင့်ဗီဇာကို ချက်ချင်း ပယ်ဖျက်နိုင်ပါသည်။ ထိုသို့ဖြစ်ခဲ့ပါက ပြန်လည်ဖြေကြားရန်အတွက် လုံလောက်သောအချိန်ကို တောင်းဆိုပါ။

## ပယ်ဖျက်မည့် ရည်ရွယ်ချက်ဆိုင်ရာ အကြောင်းကြားစာကို သင် လက်ခံရရှိပါက လုပ်ဆောင်ရမည့် အဆင့်များ

1. အကြောင်းကြားစာကို စေ့စေ့စပ်စပ်ဖတ်ရှုပြီး တုံ့ပြန်ရန်အတွက် သက်ဆိုင်ရာ သတ်မှတ်ထား အချိန်ဇယားကို မှတ်သားပါ။
2. အကြံဉာဏ်ရယူရန် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရှေ့နေ သို့မဟုတ် ကိုယ်စားလှယ်အား ချက်ချင်းဆက်သွယ်ပါ။
3. သင့်ရှေ့နေ/ကိုယ်စားလှယ်၏ အကူအညီဖြင့် NOICC ၏ သတ်မှတ်ထား နောက်ဆုံးရက်မတိုင်မီ ပြည်ထဲရေးဝန်ကြီးဌာနသို့ တုံ့ပြန်စာ ပေးပို့ပါ။


SOUTH AUSTRALIAN MIGRANT WORKERS

(08) 8279 2222

samigrantworkers.org.au